ACC Against COVID-19



အစီအစဉ် (၆၀)

“Covid-19 ကပ်ရောဂါကာလအတွင်း ပြည်သူပိုင်ကဏ္ဍ

ပစ္စည်းဝယ်ယူရေးတွင် အဂတိလိုက်စားနိုင်ခြေ အန္တရာယ်များ”

တင်ပြသူ

Alma Sedler

UNODC
United Nations Office on Drugs and Crime

Country Office Myanmar

Covid-19 ကပ်ရောဂါကာလအတွင်း ပြည်သူပိုင်ကွန်ဒို

ပစ္စည်းဝယ်ယူရေးတွင် အဂတိလိုက်စားနိုင်ခြေ အန္တရာယ်များ

၂၀၂၀ ပြည့်နှစ် စက်တင်ဘာ

မြန်မာ

ပြည်သူပိုင်ကဏ္ဍ ပစ္စည်းဝယ်ယူရေးဆိုတာဘာလဲ?

‘ပြည်သူပိုင်ကဏ္ဍ ပစ္စည်းဝယ်ယူရေး ဆိုသည်မှာ ကုန်စည်များ၊ ဝန်ဆောင်မှုများနှင့် လုပ်ငန်းများ ဆောင်ရွက်နေသည့် အစိုးရများနှင့် နိုင်ငံတော်ပိုင် စီးပွားရေး လုပ်ငန်းများ၏ ဝယ်ယူမှု ဖြစ်သည်။ ပြည်သူပိုင်ကဏ္ဍပစ္စည်း ဝယ်ယူရေးအတွက် အခွန်ထမ်းပြည်သူများ၏ ငွေကို အသုံးပြု၍ လူထု အကျိုးစီးပွားအလို့ငှာ ပစ္စည်းဝယ်ယူရာတွင်ကောင်းမွန်သည့် ဝန်ဆောင်မှု အရည်အသွေးရရှိရန် အစိုးရများက ကျွမ်းကျင်ထိရောက်စွာနှင့် စံနှုန်း မြင့်မားစွာ လုပ်ဆောင်မည်ဟု မျှော်လင့်ကြသည်’

(OECD, 2019).



Alma Sedlar

သာမန်အချိန်များတွင် ပစ္စည်းဝယ်ယူရေး (၁)

အစိုးရများသည် ပြည်သူပိုင်ကဏ္ဍအတွက် အရေးကြီးသော ကုန်စည်များနှင့် ဝန်ဆောင်မှုများအား ပုဂ္ဂလိကကုမ္ပဏီများထံမှ ဝယ်ယူရန် ငွေပမာဏများစွာ အသုံးပြုကြသည်။

ကမ္ဘာ့ဘဏ်၏ စာရင်းဇယားများအရ အစိုးရဝယ်ယူရေးသည် GDP ၏ ၁၀ % မှ ၂၀ % အထိ ရှိပြီး၊ ကမ္ဘာ့ စီးပွားရေးတစ်ရပ်လုံးတွင် သိသာထင်ရှားသော အစိတ်အပိုင်းတစ်ရပ်ဖြစ်သည်။

သာမန်အချိန်များတွင် ပစ္စည်းဝယ်ယူရေး (၂)

ကုလသမဂ္ဂမူးယစ်ဆေးဝါးနှင့် ပြစ်မှုဆိုင်ရာရုံး၏ ထုတ်ပြန်ချက်များအရ အဂတိလိုက်စားမှုနှင့် လိမ်လည်မှုပမာဏသည် ဝယ်ယူရေးဘတ်ဂျက်၏ ၁၀-၂၅ ရာခိုင်နှုန်း ဖြစ်သည်။

အကျိုးဆက်များ - အခြေခံဝန်ဆောင်မှုများနှင့် ကျန်းမာရေး စောင့်ရှောက်မှုအတွက် လိုအပ်သည့် ဆေးဝါးနှင့် ပစ္စည်းကိရိယာများကို ဆေးရုံများသို့ လုံလောက်အောင်မပေးနိုင်ခဲ့ဘဲ အရေးကြီးသည့် အခြေခံအဆောက်အဦ ဖြစ်သော လမ်းများ၊ တံတားများ မဆောက် နိုင်ခဲ့သဖြင့် ပြည်သူလူထု၏ ဘဝများနှင့် ကျန်းမာရေးသည် အန္တရာယ် ကျရောက်နေလိမ့်မည်ဖြစ်သည်။ (TI,2020)

မြန်မာနိုင်ငံတွင် ပြည်သူပိုင်ကဏ္ဍာပစ္စည်းဝယ်ယူရေး

မြန်မာနိုင်ငံတွင် ၂၀၁၉ ခုနှစ်တွင် အစိုးရ ငွေလုံးငွေရင်းအသုံးစရိတ် (မော်တော်ယာဉ်များ၊ အဆောက်အဦးများနှင့် အခြေခံအဆောက်အအုံ စသဖြင့် ပစ္စည်းများအား ဝယ်ယူရန်နှင့် ပြင်ဆင်ထိန်းသိမ်းရန် ရင်းနှီးမြှုပ်နှံမှု)သည် ကျပ် ၇၅၈၇ ဘီလျံ (အမေရိကန်ဒေါ်လာ ၅ ဘီလျံ) ကျော်ဖြစ်သည်။

ယင်းမှာ မြန်မာနိုင်ငံ GDP ၏ ၈% နီးပါးဖြစ်ပြီး၊ အများအားဖြင့် ပုဂ္ဂလိက ကုမ္ပဏီများမှ ဝယ်ယူခြင်းဖြစ်သည် (Ananda, 2019)

ဝယ်ယူရေးတွင် အဂတိလိုက်စားနိုင်ခြေ အန္တရာယ်များ

အစိုးရပစ္စည်းဝယ်ယူရေးတွင် အဂတိလိုက်စားနိုင်သည့်အန္တရာယ် အလွန်များပါသည်။ အဘယ်ကြောင့်ဆိုသော် ငွေကြေးအသွင်းအထုတ် ပမာဏများခြင်းနှင့် ဝယ်ယူရေးလုပ်ငန်းစဉ်များ ရှုပ်ထွေးခြင်းနှင့် စီးပွားရေးလုပ်ငန်းများ သည် ဆုံးဖြတ်ချက်ချနိုင်သူများနှင့် အလွန်နီးကပ်သော ဆက်ဆံရေးရှိသော ကြောင့် ဖြစ်သည်။

ပြည်သူ့ဝန်ထမ်းများ၏ စိတ်ဝင်စားမှုများနှင့် ပြည်သူလူထု၏ အကျိုးစီးပွားမှာ လည်းမကြာခဏဆိုသလိုပင် မတူညီကြပေ။

(OECD, 2019)

ဝယ်ယူရေးတွင် အဂတိလိုက်စားခြင်း၏ အကျိုးသက်ရောက်မှု

စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုကို အဟန့်အတားဖြစ်စေသည်

ယှဉ်ပြိုင်မှု၊ ကုန်သွယ်မှုနှင့် နိုင်ငံခြားတိုက်ရိုက် ရင်းနှီးမြှုပ်နှံမှုတို့ကို ကျဆင်းစေသည်

ဈေးကွက်လည်ပတ်မှု ယန္တရားကို ပျက်ယွင်းစေသည်

ကုန်စည်များနှင့် ဝန်ဆောင်မှုများသည် လာဘ် အများဆုံးပေးသူထံမှ ဝယ်ယူခြင်း ဖြစ်သဖြင့် ကုန်စည်များ၏ အရည်အသွေးတွင် ထိခိုက်မှု ရှိသည်။ (OECD, 2019)

အကြပ်အတည်းကာလအတွင်း ဝယ်ယူရေး

အရေးပေါ် ဆေးဝါးနှင့်
ကာကွယ်ရေးကိရိယာ
အရေအတွက်များစွာ ဝယ်ယူ
ရန်အလို့ငှာ ခွင့်ပြုပေးနိုင်ရန်အတွက်
တည်ဆဲဝယ်ယူရေး ဥပဒေများအား
နိုင်ငံအသီးသီးရှိ အစိုးရများက
ဖြေလျော့ပေးကြသည်။

ကိစ္စအများစုဌ္ဌ အချိန်
အနည်းငယ်အတွင်း
ရွေးချယ်စရာနည်းပါးသော
အခြေအနေတွင် အရေးပေါ်
တုံ့ပြန်မှုပြုလုပ်နိုင်ရန် ထိုသို့
ဖြေလျော့ပေးကြသည်။

(TI, 2020)

ဖြေလျော့မှုများတွင် ပါဝင်နိုင်သည်တို့မှာ -

လက်ရှိလုပ်နေသည့် ကန်ထရိုက်စာချုပ်များတွင် အပြောင်းအလဲများ ပြုလုပ်ခြင်း အထူးသဖြင့် စာချုပ်များကို ခြွင်းချက်များ (သို့) ဖြည့်စွက် မွမ်းမံခြင်းများ စသဖြင့်

စည်းမျဉ်းများ ဖြေလျော့ပေး ခြင်းကြောင့် ဝယ်ယူရေး တင်ဒါခေါ်ယူရာတွင် ပုံမှန် အချိန်များကဲ့သို့ လူသိထင်ရှား ကြေညာခြင်း မရှိသဖြင့် အဂတိလိုက်စားမှုဖြစ်ရန် အချက်ပြမှု ဖြစ်သည်။

လျင်မြန် ရိုးရှင်းသော ဝယ်ယူရေးများ (၁)

စိန်ခေါ်မှုအားလုံးကို ရင်ဆိုင်ဖြေရှင်းရန်အတွက် အများပြည်သူဆိုင်ရာ အဖွဲ့အစည်းများသည် အသက်ကယ် ထောက်ပံ့ရေးပစ္စည်းများ ဝယ်ယူလို ပါက လျင်မြန်စွာလုပ်ဆောင်ရမည်။

အရေးပေါ်အခြေအနေကို တုံ့ပြန်ဖြေရှင်းစဉ် လုပ်ငန်းလုပ် ဆောင်မှု လျင်မြန်စေရန် အချိန်အနည်းငယ်အတွင်း တင်ဒါခေါ်ရမည်

အရေးပေါ်အခြေအနေအား တုံ့ပြန်ဖြေရှင်းစဉ်အတွင်း အချိန်အကန့်အသတ်ရှိခြင်းနှင့် လုပ်ထုံးလုပ်နည်း များအား ရိုးရှင်းစွာလုပ်ဆောင်မှုတို့ကြောင့် အဂတိလိုက်စားမှု ဖြစ်နိုင်သည့် အန္တရာယ် ပိုများလာနိုင်သည်။

လျင်မြန် ရိုးရှင်းသော ဝယ်ယူရေးများ (၂)

အစိုးရများသည် အရေးပေါ်အခြေအနေအတွက် အထူးဝယ်ယူရေးလုပ်ငန်းစဉ်များကို လုပ်ပိုင်ခွင့်အာဏာပေးသည့်၊ သတ်မှတ်ပေးသည့် ပြဋ္ဌာန်းချက်များကို အသုံးပြုကာ အရေးပေါ်ဝယ်ယူရေး လုပ်ငန်းစဉ်များကို ပြင်ဆင်ဖြည့်စွက်ခြင်းများ ပြုလုပ်ကြသည်။

ထိုပြဋ္ဌာန်းချက်များသည် သတ်မှတ်ထားသည့် အချိန်ကာလကြာမြင့်သော ဝယ်ယူရေးလုပ်ငန်းစဉ်များကို အသုံးမပြုဘဲ ကြိုတင်ခွင့်ပြုထားသည့် ရောင်းချသူများစာရင်းမှတစ်ဆင့် ဖြစ်စေတိုက်ရိုက်ဖြစ်စေ လိုအပ်သော အထောက်အပံ့ ပစ္စည်းများကို ဝယ်ယူရန် ခွင့်ပြုသည်။

ရောင်းချသူကို မည်သို့ရွေးချယ်မလဲ?

အများအားဖြင့်
အကြပ်အတည်းကာလတွင်
ရောင်းချသူအား
ယှဉ်ပြိုင်ရွေးချယ်ရန်
မဖြစ်နိုင်ပေ။

ကိစ္စအများစုဌ ပြည်သူ့
ဝန်ထမ်းများသည် ပစ္စည်း
ထုတ်လုပ်သူထံမှ တိုက်
ရိုက်ဝယ်ယူခြင်း မဟုတ်ဘဲ
အဖြတ်ရနိုင်သလောက်ယူရန်
ရည်ရွယ်သည့် ကြားခံလူများ
မှတစ်ဆင့် ကန်ထရိုက်ချုပ်ဆို
ဝယ်ယူခြင်းဖြစ်သည်။
(TI, 2020)

ဥပမာများ



ဥပမာများ

ငွေပေးချေမှုများကို မကြာခဏ
ကြိုတင်ပြုလုပ်ကြသဖြင့် ဝယ်ယူသည့်
ပစ္စည်း၏အရည်အသွေးတွင်
အန္တရာယ်ဖြစ်နိုင်ခြေတစ်ခု
ထပ်လောင်းဖြစ်စေပါသည်။

ရိုမေးနီးယားတွင် အစိုးရသည်
ကာကွယ်ရေးမျက်နှာဖုံး တစ်သန်းကို
ဝယ်ယူခဲ့ပြီး အရည်အသွေး မပြည့်ဝမှုကြောင့်
တစ်ဝက်ခန့်ကို အသုံးပြုနိုင်ခြင်းမရှိပါ။

စပိန်တွင် အစိုးရမှ ရောဂါ စစ်ဆေးသည့်
ကိရိယာ ၆၄၀၀၀၀ ကို တရုတ်နိုင်ငံမှ
ဝယ်ယူခဲ့ပြီး စစ်ဆေးရေးကိရိယာများမှာ
ယုံကြည်စိတ်ချရမှုမရှိကြောင်း၊
ကုန်ပစ္စည်းရောင်းချသူမှာလည်း တရုတ်
အစိုးရ၏ တရားဝင် လိုင်စင် မရရှိထား
ကြောင်းကို နောက်ပိုင်းမှ တွေ့ရှိခဲ့
ပါသည်။

အရေးပေါ် ပစ္စည်းသွင်းသူများက ဈေးတင်မှု

- မမျှတသော ယှဉ်ပြိုင်မှုသည် ကျင့်ဝတ်မရှိသည့် ရောင်းချသူ များအား အကျိုးဖြစ်ထွန်းစေပြီး၊ အုပ်စုဖွဲ့ ပြစ်မှု ကျူးလွန်ခြင်းအပါအဝင် ဈေးနှုန်းအား ထိန်းချုပ်ရန် ကြိုးပမ်းကြသည့် အခြေအနေများ ဖန်တီးစေသည်

ထိုသူများသည် ယှဉ်ပြိုင်မှုအား ဖယ်ရှားရန်လုပ်ဆောင်ပြီး ပစ္စည်း ပံ့ပိုးရောင်းချသူ အသစ်များ ဈေးကွက်သို့ ဝင်ရောက်လာ ခြင်းကို တားဆီးထားသည်။

ဖြေလျော့လိုက်သည့် ဝယ်ယူရေး စည်းမျဉ်း စည်းကမ်းများသည် ကုမ္ပဏီများအနေဖြင့် ဈေးနှုန်း ကစားခြင်းဖြင့် အမြတ်ရရှိနိုင်မှုကို အများဆုံးဖြစ်ရန် အခြေအနေများ ဖန်တီး ပေးသည်။

ရလဒ်အနေဖြင့် COVID-19 တွင် တူညီသော အခွင့် အရေးကို တန်းတူ ယှဉ်ပြိုင်သည့် အတွေးအခေါ် ပျောက် ဆုံးသွားပါသည်။ (TI, 2020)

မလျော်ကန်သည့် ဩဇာလွှမ်းမိုးမှုနှင့် လာဘ်ပေးလာဘ်ယူမှု

ကမ္ဘာ့ကျန်းမာရေးအကြပ်အတည်း၏ အရေးပေါ်အခြေအနေများ ကြောင့် ကန်ထရိုက်ချုပ်ဆိုခွင့်ရှိသူများသည် ၎င်းတို့အား ပစ္စည်းရောင်းချမည့်သူကို ရွေးချယ်ရန် ဆုံးဖြတ်နိုင်သည့်အာဏာ ပိုမိုရရှိ လာကြသည်။

ထို့ကြောင့် အချို့ကိစ္စရပ်များတွင် နိုင်ငံရေးသမားများ (သို့) အခြား အစိုးရခေါင်းဆောင်များနှင့် အလွန်နီးစပ်သည့် ကုမ္ပဏီများနှင့် ကန်ထရိုက်စာချုပ်များ ချုပ်ဆိုမှုကို ဖြစ်စေသည်။

ကပ်ရောဂါ ကာလအတွင်းနှင့် နောက်ပိုင်းကာလများတွင်
ဝယ်ယူရေးလုပ်ငန်းများရှိ အဂတိလိုက်စားနိုင်ခြေအန္တရာယ်ကို
မည်သို့လျော့ပါးသက်သာအောင် ဆောင်ရွက်မည်နည်း?



ရေတိုအတွက် ဆောင်ရွက်မှုများ



ရေရှည်အတွက် ဆောင်ရွက်မှုများ (၁)

နောင်တွင် ကမ္ဘာ့ကျန်းမာရေးဆိုင်ရာအရေးပေါ် အခြေအနေများအတွက် ဆီလျော်မှုရှိရန် တည်ဆဲအရေးပေါ် ဝယ်ယူရေး ဥပဒေကို ပြန်လည်သုံးသပ်ပါ။

အရေးပေါ်ပစ္စည်းများ ဝယ်ယူမှုအတွက် ငွေလွှဲပြောင်းမှုဆိုင်ရာ သတင်းအချက်အလက်များကို မှတ်တမ်းတင်ရန် ရှိနှင့်ပြီးသား e-procurement လမ်းကြောင်းများကို အသုံးပြုပါ (သို့) ချဲ့ထွင်ပါ။

စာရင်းစစ်များ နှင့် စောင့်ကြည့်ရေးအဖွဲ့အစည်းများက ဝယ်ယူရေးမှတ်တမ်းအားလုံးကို အဝေးမှ စောင့်ကြည့်စစ်ဆေးရန် ခွင့်ပြုပါ။

အရေးပေါ်ဝယ်ယူရေးလုပ်ထုံးလုပ်နည်းအား ဆောင်ရွက်နိုင်သည့် စွမ်းရည်ရှိရန် ပြည်သူ့ဝန်ထမ်း များအတွက် သင့်တော်သည့် သင်တန်းများ ပေးပါ။

(OECD, 2020)

ရေရှည်အတွက် ဆောင်ရွက်မှုများ (၂)

အရေးပေါ် ဝယ်ယူရေး ဆောင်ရွက်မှုများနှင့်အညီ လုပ်ဆောင်နေသည့် အရေးပေါ်ဝယ်ယူမှုများအားလုံးကို လူထုက ခြေရာခံနိုင်ရန် ဒစ်ဂျစ်တယ်နည်းပညာနှင့် အလွယ်တကူအသုံးပြုနိုင်သောနည်းလမ်းများ ဖန်တီးပါ (OECD, 2020)





UNODC
United Nations Office on Drugs and Crime

ကျေးဇူးတင်ပါသည်။

Alma Sedlar
UNCAC and Prevention of Corruption Expert

E mail: alma.sedlar@un.org
M: 09 892 942028

United Nations Office on Drugs and Crime (UNODC)
Country Office, Myanmar

Sources:

- OECD: Public Integrity for an Effective Covid-19 Response and Recovery. Available at: https://read.oecd-ilibrary.org/view/?ref=129_129931- ygq2xb8qax& title=Public-Integrity-for-an-Effective-COVID-19-Response-and-Recovery
- OECD: Public Procurement. Webpage. Available at: https://www.oecd.org/governance/public-procurement/
- The Ananda. Policy Briefing – Public Procurement. Available at: https://theananda.org/en/blog/view/-policy-briefing-public-procurement
- Transparency international: Procuring for Life. Available at: https://www.transparency.org/en/news/procuring-for-life
- Transparency International. First response: procure medical supplies at any cost (and risk). Series Procuring for Life. Available at: https://www.transparency.org/en/news/ first-response-procure-medical-supplies-at-any-cost-and-risk
- Transparency International: Coronavirus: The perfect incubator for corruption in our health systems? 7 key COVID-19 points to consider. Available at:https://ti-health.org/ content/coronavirus-covid19-corruption-health-systems/
- U4: Ebola and Corruption. Overcoming Critical Governance Challenges in A Crisis Situation. Available at: https://www.u4.no/publications/ebola-and-corruption-overcoming-critical-governance-challenges-in-a-crisis-situation
- United Nations. Covid Response. Webpage. Available at: https://www.un.org/en/coronavirus
- UNODC. Accountability and Prevention of Corruption. Available at: https://www.unodc.org/documents/Advocacy-Section/COVID-19_and_Anti- Corruption-2.pdf
- World Bank. Ensuring Integrity in the Government‘s Response to Covid-19. Available at: http://documents.worldbank.org/ curated/en/ 801501588782665210/pdf/Ensuring-Integrity-in-Governments-Response-to-COVID-19.pdf